# အာကာသသိပ္ပံနည်းပညာသည် ယူနန်ကုန်းမြင့်ထူးခြားချက်ရှိ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို ထောက်ကူပြု

ယခုရက်ပိုင်း တရုတ်အာကာသယာဉ်မှူး သိပ္ပံနည်းပညာသုတေသနပြုစုပျိုးထောင်ရေးစင်တာက ကူမင်းမြို့မှာ တရုတ်နိုင်ငံ အာကာသအစားအစာစံနှုန်းမီသော သစ်ကြားသီးနို့ရည်ကို ပထမဆုံးအကြိမ် မိတ်ဆက်လိုက်သည်။ "ချုံးကျီး" သည် တရုတ်နိုင်ငံ၏ ပထမဆုံးအာကာသအစားအစာစံချိန်မီသော သစ်ကြားသီးနို့ရည်ဖြစ်လာနိုင်ခဲ့သည်။

၂၀၁၄ခုနှစ်ဇူလိုင်လမှာ ယူနန်ပြည်နယ်အစိုးရနှင့် တရုတ်နိုင်ငံလူပါအာကာသလုပ်ငန်းရုံးခန်းသည် "အာကာသဇီဝသိပ္ပံနည်းပညာလုပ်ငန်းဖွံ့ဖြိုးမှု မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး ဖွဲ့စည်းပုံသဘောတူစာချုပ်"ကို လက်မှတ်ရေးထိုးပြီး နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်ခဲ့ကြသည်။ (၃)နှစ်တာကာလအတွင်း အာကာသလုပ်ငန်းတွင် မျိုးချရေး၊ အာကာသဇီဝသိပ္ပံနည်းပညာ ကုန်းမြင့်ထူးခြားချက်ရှိအမျိုးအစားစခန်း ဆောက်လုပ်ရေး၊ အာကာသအဆင့် စားသောက်ကုန်သုတေသနပြုရေးစသည့် အပိုင်းကဏ္ဍများတွင် အလွန်ကောင်းမွန်သော တိုးတက်မှုများရရှိခဲ့ပါသည်။

၂၀၁၂ခုနှစ်ဇွန်လတွင် စိန်ကျိုးအမှတ်(၉)လူတင်ဒုံးပျံကို အောင်မြင်စွာပစ်လွှတ်ခဲ့သည်။ ယင်းသည် နိုင်ငံတော်အာကာသသိပ္ပံစမ်းသပ်မှု၏ အလေးပါသည့်အကြောင်းအရာအဖြစ် ပစ်လွှတ်မှုတာဝန်တွင် ယူနန်ကော်ဖီအစေ့သေး၊ pinus khasys၊ ဖူအော်လက်ဖက်စသည့် မျိုးစေ့များကို သယ်ဆောင်ပေးသွားခဲ့သည်။ တရုတ်နိုင်ငံ အာကာသလူတင်လုပ်ငန်းမှ ယူနန်ကုန်းမြင့်အထူးထွက်ကုန်အမျိုးအစားကို ပထမဆုံးအကြိမ် သယ်ဆောင်ခြင်းဖြစ်ပါသည်။ ထို့နောက်ယူနန်၏ထူးခြားသည့်ပန်းမန်၊ မှို၊ တရုတ်တိုင်းရင်းဆေးနှင့် စီးပွားရေးသီးနှံ(၄)မျိုး၏မျိုးစေ့ဂရမ်(၂၅၀၀)၊ အကိုင်းအသွယ်၊ မှိုအမျိုးပေါင်းရာကျော်ကို စိန်ကျိုးအမှတ်(၉)၊ အမှတ်(၁၀)၊ အမှတ်(၁၁)နှင့် ထျန်းကုန်းအမှတ်(၂)အသီးသီးဖြင့် တင်ပို့သယ်ဆောင်ခဲ့သည်။

"ဈေးကွက်တုံ့ပြန်မှုဖြင့် ကြည့်လျှင် ယူနန်၏စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများသည် ပျှမ်းမျှအရည်အသွေးကောင်းပါသည်။ ဥပမာ-ကုန်းမြင့်မုန့်ညှင်းစိမ်းစသည့်များ တစ်နိုင်ငံလုံးဈေးကွက်တွင် ကြီးမားသည့်ယှဉ်ပြိုင်မှုအားရှိပါသည်။"ဟု တရုတ်နိုင်ငံ အာကာသနည်းပညာသုတေသနအကယ်ဒမီ စိန်ကျိုးလုဖုံစိုက်ပျိုးရေးသိပ္ပံနည်းပညာကုမ္ပဏီလီမိတက်မှ လျှော့ချွင်ဖင်က ပြောကြားသည်။ အာကာသာပျံသန်းယာဉ်ဖြင့် ကောင်းကင်ပေါ်သို့ရောက်ရှိကြသည့်ယူနန် ကုန်းမြင့်ထူးခြားသောစိုက်ပျိုးကုန်အမျိုးအစားကို မြေပြင်ပေါ်တွင် စမ်းသပ်မှုနှင့် ရွေးချယ်မွေးမြူမှုများလုပ်ဆောင်ခြင်းဖြင့် အဆိုပါအမျိုးအစားများသည် ထုတ်ကုန်ပမာဏမြှင့်တင်လာခြင်း၊ ပိုးမွှားများကာကွယ်ခုခံစွမ်းအားတိုးမြှင့်လာခြင်းစသည့် ထူးခြားချက်များထွက်ပေါ်လာခဲ့သည်။ ယခုယူနန်ကော်ဖီအစေ့သေး၊ လုံတမ်မြက်စသည့် အာကာသမျိုးစေ့မွေးမြူသည့်အလုပ်မှာ ထိုးဖောက်မှုရှိသောရလဒ်များရရှိနေပြီး တတိယမျိုးဆက်မွေးမြူအဆင့် ရောက်ရှိနေပြီဖြစ်သည်။ ကုန်ပစ္စည်းအရည်အသွေးကို ထပ်မံမြှင့်တင်ပြီး ယူနန်ကုန်းမြင့်ထူးခြားသော စိုက်ပျိုးကုန်တံဆိပ်ကို နာမည်ကျော်လာအောင် ယူနန်ပြည်နယ်သည် ၂၀၁၄ခုနှစ်က လုပ်ငန်း(၁၈)ခု၏ ကုန်ပစ္စည်းအမျိုးအစား(၁၇)မျိုးကို တွန်းတင်မည့်ကုန်ပစ္စည်းအဖြစ် အာကာသယာဉ်မှူး သုတေသနစင်တာသို့ပို့ပေးပြီး စစ်ဆေးရန်နှင့် သုတေသနပြုရန်ရွေးချယ်ခဲ့သည်။ ကျွမ်းကျင်စစ်ဆေးမှုများလုပ်ဆောင်ပြီး နောက်ချုံးကျီမော်အယ်အာကာသအဆင့်စားသောက်ကုန်စံနှုန်းကို ပေကျင်းတွင် ကျွမ်းကျင်စွာသုံးသပ်မှုဖြင့်အတည်ပြုခဲ့ပြီး နိုင်ငံတော်အဆင့် အာကာသစားသုံးကုန်တရားဝင်ဖြစ်လာခဲ့သည်။




"ကျွန်တော်တို့နိုင်ငံအာကာသလုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အာကာသနည်းပညာအသုံးပြုနယ်ပယ်နှင့် အကျယ်အဝန်းမှာလည်း အဆက်မပြတ်ကျယ်ပြန့်လာနေသည်။ ယခုနှစ်စက်တင်ဘာလက တရုတ်နိုင်ငံလူတင်အာကာသလုပ်ငန်းရုံးခန်းနှင့် ယူနန်ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံသဘောတူစာချုပ်အသစ်တစ်သုတ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ကျွန်တော်တို့လည်းယူနန်၏ အလေးပါလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအပေါ်ဝိုင်းရံပြီး နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းသုတေသနပြုမည်ဖြစ်ပါသည်။ လူတင်အာကာသသိပ္ပံနည်းပညာရလဒ်များကို ဒေသစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်သည့် ဆန်းသစ်မှုတွန်းအားအဖြစ် ပြောင်းလဲစေမည်ဖြစ်သည်။" ဟု တရုတ်နိုင်ငံလူတင်အာကာသလုပ်ငန်းရုံးခန်း ဒုတိယညွှန်ကြားရေးမှူးရန်လီဝေကပြောကြားသည်။

သတင်းထောက်ကျိုကျိုန်း

# "ဝူခုံး" မှ Dark Matterနှင့်တူသည့် သတ္တုဓာတ်လမ်းကြောင်းကို ရှာဖွေတွေ့ရှိ

ယခုရက်ပိုင်း တရုတ်နိုင်ငံ Dark Matter စစ်ဆေးရှာဖွေရေးဂြိုဟ်တု "ဝူခုံး" အဖွဲ့သည် ပေကျင်းတွင် သိပ္ပံနည်းပညာရလဒ်ပထမတစ်သုတ်ကို ထုတ်ပြန်ခဲ့သည်။ "ဝူခုံး"ဂြိုဟ်တုသည် လည်ပတ်သည့် (၅၃၀)ရက်နေ့တွင် (၂.၈)ဘီလီယံခန့်ရှိသော စွမ်းအားမြင့် စကြာဝဠာရောင်ခြည်များကို စုဆောင်းနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။ ယင်းအတွင်း(၁.၅)သန်းခန့်ရှိသည့် 25GeV(1GeV=10 ဘီလီယံအီလက်ထရောနစ်ဗို့) အထက်ရှိသော အီလက်ထရောနစ် စကြာဝဠာရောင်ခြည်များပါဝင်သည်။ အဆိုပါကိန်းဂဏန်းများကိုအခြေခံပြီး သုတေသီများသည် ယခုကမ္ဘာပေါ်တွင် အသေးစိတ်နှုန်းအားအမြင့်ဆုံးသော အီလက်ထရောနစ်စကြာဝဠာရောင်ခြည်နီကို ရရှိခဲ့သည်။ ယင်း EDS Dark Matter ဓာတ်သဲလွန်စရှာဖွေပေးသည်ကို အထောက်အကူပြုပါသည်။



"ဝူခုံး"မှ အာကာသထဲတွင် ပထမဆုံး အီလက်ထရောနစ်စကြာဝဠာရောင်ခြည်၏ ပုံမှန်မဟုတ်သော နေရာတစ်ခုကို စမ်းသပ်တိုင်းတာသည့်အခါတွင် ကိန်းဂဏန်းပြသခြင်းသည် နီးအသေးစိတ်အဖွဲ့အစည်း တည်ရှိနိုင်ကြောင်း ဖော်ပြခဲ့ရာ Dark Matter ဓာတ်တည်ရှိသည့် အထောက်အထားသက်သေဖြစ်နိုင်သည်။ ယခုဂြိုဟ်တုလည်ပတ်မှု အခြေအနေကောင်းမွန်နေပြီး ကိန်းဂဏန်းများဆက်လက်စုဆောင်းနေပါသည်။ အဆိုပါအသေးစိတ်အဖွဲ့အစည်းသေချာလျှင် အမှုန့်ရူပဗေဒသို့မဟုတ် နက္ခတ်အာကာသ ရူပဗေဒနယ်ပယ်၏ ဆန်းသစ်ချဲ့ထွင်တွေ့ရှိမှုဖြစ်မည်ဖြစ်သည်။ အဆိုပါရလဒ်ကို ပေကျင်းဒေသစံတော်ချိန် နိုဝင်ဘာလ(၃၀)ရက်နေ့က 《သဘာဝ》မဂ္ဂဇင်းအွန်လိုင်းထုတ်ပြန်သည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် "ဝူခုံး"ဂြိုဟ်တုကိုအောင်မြင်စွာပစ်လွှတ်ခဲ့ရာ တရုတ်နိုင်ငံ၏ ပထမဆုံးနက္ခတ်ဗေဂြိုဟ်တုဖြစ်သည်။

(ပြည်သူ့နေ့စဉ်သတင်း) ဝူယွဲ့ဟွေ

# ချီဘီအင်းရေနှင့် အော်ဟိုင်ရေပင်းရင်း



ယခုနှစ်ပိုင်း ယူနန်တာ့လီပိုင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ပြည်နယ်ခွဲ အော်ယွမ်းခရိုင်ချီဘီအင်းနှင့် ဘေးပတ်ဝန်းကျင်မြေစိုများသည် စိုက်ပျိုးမှုမပြုဘဲ အစိုဓာတ်ပြန်ဖြည့်ခြင်း၊ အင်းအိုင်ဒေသပြန်လည်ကောင်းမွန်ခြင်း၊ အင်းအိုင်ဝင်မြစ်ဝ မြေစိုပြုပြင်ပြောင်းလဲခြင်းနှင့် ဘေးပတ်ဝန်းကျင်အင်းစနစ်ဆောက်လုပ်ခြင်းစသည်များ လုပ်ဆောင်ခဲ့ရာ အင်းအိုင်ညစ်ညမ်းမှုကို လျှော့နည်းစေခဲ့ကာ ချီဘီအင်းရေကို II အဆင့်တွင်တည်မြဲစေနိုင်ခဲ့သည်။ ဒေသအတွင်း နေထိုင်သူများသောက်သုံးရေလုံခြုံမှုနှင့် အော်ဟိုင်ရေပင်းရင်းပတ်ဝန်းကျင် လုံခြုံရေးအတွက် အာမခံချက် ထောက်ပံ့ပေးနိုင်ခဲ့သည်။ ပုံသည် ချီဘီအင်းကျိုထိုင်ရပ်ကွက်မှာနေထိုင်သူများ ချီဘီအင်းအပြင်အိုင်ရှိရေနေအပင်များကို ရှင်းလင်းနေသည့်ပုံဖြစ်သည်။

ဆင်ဟွာသတင်းဌာနသတင်းထောက်
ဓာတ်ပုံ-စိန်းဟုန်